# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အမိန့်ကြော်ငြာစာအမှတ်၊ ( ၁၉ / ၂၀၂၀)

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၃ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၇ ရက်)

## နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာသူများ၏ ကျင့်ဝတ်များထုတ်ပြန်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၉၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤနိုင်ငံတကာ ရွေးကောက်ပွဲလေ့လာသူများ၏ကျင့်ဝတ်များကို ထုတ်ပြန်လိုက်သည်။

## နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာသူများ၏ကျင့်ဝတ်များ

၁။ နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာသူအဖွဲ့အစည်းတစ်ခုခုမှလေ့လာသူအဖွဲ့ဝင်တိုင်းသည် အောက်ပါကျင့်ဝတ်ပါအချက်များကို သိရှိလိုက်နာ၍ နောက်ဆက်တွဲတွင် ဖော်ပြထားသော ပူးတွဲဝန်ခံချက်ကို လက်မှတ်ရေးထိုးရမည်။ နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာကိုလည်းကောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကိုလည်းကောင်း လေးစားလိုက်နာကြရမည်။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများကို လေးစားလိုက်နာပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် မဲရုံဝန်ထမ်းများ၏အခွင့်အာဏာများကိုလည်း လေးစားလိုက်နာကြရမည်။

(ဂ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ ရဲတပ်ဖွဲ့ဝင်များ၊ ရွေးကောက်ပွဲလုံခြုံရေးတာဝန်ယူထားသူများအပါအဝင် အာဏာပိုင်များက ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ပြီး ၎င်းပုဂ္ဂိုလ်များအား လေးစားစွာ ပြုမူဆက်ဆံရမည်။

(ဃ) ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွင်း နိုင်ငံရေးဘက်လိုက်ခြင်းကင်းမှုကို တိကျစွာ ထိန်းသိမ်းရမည်။ နိုင်ငံတော်အာဏာပိုင်များ၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအား လည်းကောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ပတ်သက်သောပြဿနာများကို လည်းကောင်း ဘက်လိုက်ခြင်းနှင့် ဦးစားပေးသောအသွင်အပြင်များ ထုတ်ဖော်ပြသခြင်း မပြုရ။

(င) နိုင်ငံရေးပါတီတစ်ခု သို့မဟုတ် ကိုယ်စားလှယ်လောင်းတစ်ဦးဦးအား ထောက်ခံအားပေးခြင်း၊ ဆန့်ကျင်ကန့်ကွက်ခြင်းပြုရာရောက်သည့် လှုပ်ရှားမှုများကို ဆောင်ရွက်ခြင်း၊ ယင်းလှုပ်ရှားမှုများတွင် ပါဝင်ခြင်းမပြုရ။

(စ) မေးခွန်းများမေးမြန်းခွင့်၊ မရှင်းလင်းသည့်အချက်များကို မေးမြန်းခွင့်ရှိသည်။ သို့သော် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲလွန်ကာလများ၏ လုပ်ငန်းစဉ်များတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အဟန့်အတားမဖြစ်စေရ။

(ဆ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးက တရားဝင်ထုတ်ပေးထားသည့် သက်သေခံကတ်ပြားများကို ရွေးကောက်ပွဲလေ့လာနေစဉ်အတွင်း ချိတ်ဆွဲထားရမည်။ မဲရုံမှူးများ၊ မဲရုံတာဝန်ခံများနှင့် အခြားအာဏာပိုင်များက တောင်းခံလာပါက ပြသရမည်။

( ဇ ) ၎င်းတို့၏ရွေးကောက်ပွဲလေ့လာမှုများသည် ဘက်လိုက်မှုကင်းခြင်း၊ ဓမ္မဓိဋ္ဌာန်ကျခြင်းနှင့် မှန်ကန်မှုမြင့်မားခြင်း ရှိရမည်။

( ဈ ) ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ယင်းတို့၏ ပုဂ္ဂလိကသဘောထားအမြင်များ၊ သုံးသပ်ချက်များကို မီဒီယာသို့တင်ပြခြင်း မပြုရ။

(ည) ရွေးကောက်ပွဲလေ့လာသည့် လုပ်ငန်းစဉ်တစ်လျှောက် နိုင်ငံတော်၏ယဉ်ကျေးမှုဓလေ့ထုံးစံများကို အလေးထားကြောင်းပြသခြင်းအပါအဝင် အခြားပုဂ္ဂိုလ်များအား အလေးထား ဆက်ဆံခြင်းနှင့် လေ့လာမှုကို ပညာရှင်ပီသစွာပြုမူဆောင်ရွက်ရမည်။

( ဋ ) မြန်မာနိုင်ငံအတွင်းတွင်နေထိုင်စဉ် လုံခြုံမှုရှိစေရေးအတွက် နိုင်ငံတော်အစိုးရနှင့်လုံခြုံရေးအဖွဲ့အစည်းများက ထုတ်ပြန်ထားသော အကြံပြုချက်များကို လိုက်နာရမည်။

၂။ နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့အစည်းများသည် –

(က) ၎င်းတို့နှင့်သက်ဆိုင်သော နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာသူများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာသူများ၏ ကျင့်ဝတ်အပါအဝင် ရွေးကောက်ပွဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ရေးအတွက် ပညာပေးခြင်း၊ သင်တန်းပေးခြင်းများပြုလုပ်ပေးရန် တာဝန်ရှိသည်။

( ခ ) ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် သဘောထားမှတ်ချက်များကို ထုတ်ပြန်ရာတွင် တာဝန်ခံပုဂ္ဂိုလ်များကသာ ထုတ်ပြန်ရမည်။

( ဂ ) ယင်းတို့၏ရွေးကောက်ပွဲလေ့လာတွေ့ရှိချက်များ၊ နည်းလမ်းများနှင့်အကြံပြုချက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရမည်။

၃။ ရွေးကောက်ပွဲလေ့လာသူတစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ ဤကျင့်ဝတ်ကို ဖောက်ဖျက်ပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲလေ့လာသူဖြစ်ပါက

နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာသူအဖြစ်လည်းကောင်း၊ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့အစည်းဖြစ်ပါက နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့အစည်းအဖြစ်လည်းကောင်း အသိအမှတ်ပြုခြင်းကို ရုပ်သိမ်းခွင့်ရှိသည်။

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ဝန်ခံကတိပြုလွှာ

ကျွန်ုပ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာသူများ၏ကျင့်ဝတ်များကို ဖတ်ရှုနားလည်ပြီး ဖြစ်ပါသည်။ ကျွန်ုပ်သည် ဤကျင့်ဝတ်များကို လိုက်နာပါမည်ဟူ၍လည်းကောင်း၊ ဤကျင့်ဝတ်များနှင့် အညီ ပြုမူနေထိုင်ပါမည်ဟူ၍လည်းကောင်း ကတိပြုပါသည်။

ကျွန်ုပ်သည် ဤကျင့်ဝတ်ကို လိုက်နာ၍ သမာသမတ်ကျသော၊ ဘက်မလိုက်သော၊ တိကျ မှန်ကန်သော လေ့လာမှုများကို ပြုလုပ်မည်ဖြစ်ပြီး ရွေးကောက်ပွဲတွင် အနှောင့်အယှက် အဟန့်အတား ဖြစ်စေမည့် နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ ကိုယ်ကျိုးစီးပွားရှာခြင်းမရှိပါ။

---------------------

---------------------

---------------------